## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၇၂၃၅ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr. Yeh, Fu-Yu (Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Very Impressive Prospect Co., Ltd.<br>မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေတိုင်းအမှတ် (၄၉)၊ ဝါးတရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း-၀၉ ၉၇၆၆၁၆၆၂၀ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | CMP စနစ်ဖြင့် ကာဗွန်ကွန်ပို့စ် ပေါင်းစပ်တင်းနစ်ရိုက်တံ၊ ဟော်ကီ ရိုက်တံ၊ အားကစားစက်ဘီးဖရိန်နှင့် အစိတ်အပိုင်းများ၊ အားကစား စက်ဘီးစသော အားကစားပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | မြေဧရိယာ (၆.၇၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေတိုင်းအမှတ် (၄၉)၊ ဝါးတရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၁၇-၂-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၂-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၄-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၅ (၂) (၃၅၉၁/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် **“ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)”** |



၂၀.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Very Impressive Prospect Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းအမှတ်(၄၉)၊ မြေကွက်အမှတ်(၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁) မြေဧရိယာ (၆.၇၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ကာဗွန်ကွန်ပို့စစ်ပေါင်းစပ်တင်းနစ်ရိုက်တံ၊ ဟော်ကီရိုက်တံ၊ အားကစားစက်ဘီးဖရိန်နှင့် အစိတ်အပိုင်းများ၊ အားကစားစက်ဘီးစသော အားကစားပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Very Impressive Prospect Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းအမှတ် (၄၉)၊ မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေဧရိယာ (၆.၇၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ကာဗွန်ကွန်ပို့စစ်ပေါင်းစပ်တင်းနစ်ရိုက်တံ၊ ဟော်ကီရိုက်တံ၊ အားကစားစက်ဘီးဖရိန်နှင့် အစိတ်အပိုင်းများ၊ အားကစားစက်ဘီးစသော အားကစားပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၄-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၅ (၂) (၃၅၉၁/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Yeh, Fu-Yu (Director)၊ မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေတိုင်းအမှတ် (၄၉)၊ ဝါးတရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကာဗွန်အချပ်များအား ဖြန့်ခင်း၍ ဖြတ်တောက်ခြင်း၊ အလေးချိန်စစ်ဆေး၍ အပူပေးပြီး ပြန်ပေါင်းခြင်း၊ ပြန်လည် စစ်ဆေးခြင်း၊ လိုအပ်သည့်နေရာများ၌ အပေါက်ဖောက်ခြင်း၊ မိုသွင်းခြင်း၊ အချောသတ်ခြင်း (ကော်ပတ်စားခြင်း၊ Coating တင်ခြင်း၊ စတေကာကပ်ခြင်း၊ အပြောင် Coating မှုတ်ခြင်းနှင့် ပေါလစ်တိုက်ခြင်း)၊ ထုပ်ပိုးခြင်းနှင့် ပါကင်ထည့်သွင်းခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းနှင့် ပြည်ပနိုင်ငံများမှ ဝယ်ယူအသုံးပြုကြောင်း၊ ကုန်ချောထုတ်လုပ်မှုပမာဏအနေဖြင့် တစ်နှစ်လျှင် ကာဗွန်ကွန်ပို့စစ် ပေါင်းစပ် တင်းနစ်ရိုက်တံ (၂၀၀,၀၀၀) ခန့်၊ ဟော်ကီရိုက်တံ (၄၀၀,၀၀၀) ခန့်၊ အားကစားစက်ဘီးဖရိန် (၅,၀၀၀) ခန့်နှင့် စက်ဘီးအစိတ်အပိုင်း (၂၀,၀၀၀) ခန့် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ရေအသုံးပြုမှု ပမာဏမှာ ဝန်ထမ်းများ သုံးစွဲရေအတွက် လစဉ် ရေ (၁၆၆,၄၀၄) လီတာ သုံးစွဲကြောင်း၊ ဘွိုင်လာ အတွက် လစဉ် ရေ (၂၅၂,၀၀၀) လီတာ သုံးစွဲကြောင်း၊ ဆေးမှုတ်ခြင်းလုပ်ငန်းစဉ်မှ အမှုန်အမွှားများ ထွက်ရှိမှုမရှိစေရန် ရေဖြင့်အမှုန်အမွှား ဖမ်းယူသည့် လုပ်ငန်းစဉ်အတွက် လစဉ် ရေ (၂,၈၀၀) လီတာ

သုံးစွဲကြောင်း၊ အထွေထွေသုံးစွဲရေအတွက် လစဉ် (၅၆,၀၀၀) လီတာ သုံးစွဲကြောင်း၊ လိုအပ်သောရေအား ရေတွင်း (၂) တွင်းမှ ထုတ်ယူသုံးစွဲကြောင်း၊ လျှပ်စစ်ဓာတ်အားကို (၁,၀၀၀) kVA နှင့် (၅၀၀) kVA ထရန်စဖော်မာ (၂) လုံးဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ရယူသုံးစွဲကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုအနေဖြင့် တစ်နှစ်လျှင် (၁,၅၀၀,၀၀၀) KWh ခန့်သုံးစွဲကြောင်း၊ လျှပ်စစ်မီး ပြတ်တောက်သည့်အချိန်တွင် အသုံးပြုရန် ဒီဇယ်အင်ဂျင်သုံး (၈၀၀) kVA နှင့် (၆၀၀) kVA မီးစက် (၂) လုံး ထားရှိကြောင်း၊ ထင်းလောင်စာသုံး ဘွိုင်လာ (၂) လုံး ရှိကြောင်း၊ လုပ်ငန်းလည်ပတ်ရန်အတွက် အမြဲတမ်းပြည်တွင်း (၁,၉၅၂) ဦးခန့်နှင့် နိုင်ငံခြားသား ဝန်ထမ်း (၂၉) ဦးခန့်၊ စုစုပေါင်း ဝန်ထမ်း အရေအတွက် (၁,၉၈၁) ဦးခန့်ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်း အမှတ် (၄၉)၊ မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေဧရိယာ (၆.၇၅) ဧကပေါ်တွင် တည်ရှိပါသည်။

**Very Impressive Prospect Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းအမှတ် (၄၉)၊ မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေဧရိယာ (၆.၇၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ကာဗွန်ကွန်ပို့စစ်ပေါင်းစပ်တင်းနစ်ရိုက်တံ၊ ဟော်ကီရိုက်တံ၊ အားကစားစက်ဘီးဖရိန်နှင့် အစိတ်အပိုင်းများ၊ အားကစားစက်ဘီးစသော အားကစားပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းတည်နေရာပြမြေပုံ**



Very Impressive Prospect Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းအမှတ် (၄၉)၊ မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေဧရိယာ (၆.၇၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ကာဗွန်ကွန်ပို့စစ်ပေါင်းစပ်တင်းနစ်ရိုက်တံ၊ ဟော်ကီရိုက်တံ၊ အားကစားစက်ဘီးဖရိန်နှင့် အစိတ်အပိုင်းများ၊ အားကစားစက်ဘီးစသော အားကစားပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏

Factory Layout Plan



Very Impressive Prospect Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းအမှတ် (၄၉)၊ မြေကွက်အမှတ် (၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁)၊ မြေဧရိယာ (ဧ.၇၅) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ကာဗွန်ကွန်ပို့စစ်ပေါင်းစပ်တင်းနစ်ရိုက်တံ၊ ဟော်ကီရိုက်တံ၊ အားကစားစက်ဘီးဖရိန်နှင့် အစိတ်အပိုင်းများ၊ အားကစားစက်ဘီးစသော အားကစားပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်

ကာဗွန်အချပ်များအား ဖြန့်ခင်း၍ ဖြတ်တောက်ခြင်း

↓

အပြင်ပန်းနှင့်အလေးချိန်စစ်ဆေး၍ အပူပေး၍ ပြန်ပေါင်းခြင်း နှင့် ပြန်လည်စစ်ဆေးခြင်း

↓

လိုအပ်သည့်နေရာများ၌ အပေါက်ဖောက်ခြင်း နှင့် မိုသွင်းခြင်း

↓

အချောသတ်ခြင်း (ကော်ပတ်စားခြင်း၊ Coating တင်ခြင်း နှင့် စတေကာကပ်ခြင်း၊ အပြောင် Coating မှုတ်ခြင်း နှင့် ပေါလစ်တိုက်ခြင်း)

↓

ထုတ်ပိုး ခြင်းနှင့် ပါကင်ထည့်သွင်းခြင်း

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၄-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၅ (၂) (၃၅၉၁/၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ဖော်ပြပါ အလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကာဗွန်အချပ်များအား ဖြန့်ခင်း၍ ဖြတ်တောက်ခြင်း၊ အလေးချိန်စစ်ဆေး၍ အပူပေးပြီး ပြန်ပေါင်းခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ လိုအပ်သည့်နေရာများ၌ အပေါက်ဖောက်ခြင်း၊ မိုသွင်းခြင်း၊ အချောသတ်ခြင်း (ကော်ပတ်စားခြင်း၊ Coating တင်ခြင်း၊ စတေကာကပ်ခြင်း၊ အပြောင် Coating မှုတ်ခြင်းနှင့် ပေါလစ်တိုက်ခြင်း)၊ ထုပ်ပိုးခြင်းနှင့် ပါကင်ထည့်သွင်းခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေး စီမံကိန်းဝန်းအတွင်း သစ်ပင်ပန်းမံများ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းပြုစုခြင်းများ ပြုလုပ်ရန်၊

(၂) မီးခိုးထွက်ရှိသည့် စက်ပစ္စည်းများတွင် $NO_x$ ထွက်ရှိမှုနည်းပါးသည့် နည်းပညာများဖြင့် စက်ပစ္စည်းများ အသုံးပြုခြင်းအား ဆောင်ရွက်ထားရှိရန်၊

(၃) စီမံကိန်းအတွင်းအမှုန်အမွှားများ ထွက်ရှိမှုအား ထိန်းချုပ်နိုင်ရေး တပ်ဆင်ထားသည့် အမှုန်စုပ်စက် (Dust Collector)၊ လေမှုတ်ထုတ်သည့်စက် (Exhaust Fan) နှင့် လေသန့်စင်သည့်စက် (Roof Ventilator) များအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၄) ဘွိုင်လာ၌ ထင်းအစား ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော အစားထိုးဇီဝလောင်စာတောင့်များအား သုံးစွဲသွားရန်၊

(၅) လေဝင်လေထွက်ကောင်းမွန်စေရန်အတွက် စီမံကိန်းလည်ပတ်သည့်အချိန်တွင် တံခါးမကြီးများအား ဖွင့်ထားခြင်း၊ Exhaust Fan ၊ Vantilation Fan များ ဖွင့်ထားခြင်းနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၆) ယာဉ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၇) လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၈) လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၉) အရည်အသွေးပြည့်မီသည့် လောင်စာဆီများကိုသာ အသုံးပြုရန်၊

(၁၀) ဝန်ထမ်းများအား တစ်ကိုယ်ရေကာကွယ်ရေး ကိရိယာများ ဝတ်ဆင်လုပ်ကိုင်စေခြင်းနှင့် လုံလောက်စွာပံ့ပိုးပေးခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၁၁) စက်ရုံမှ ထွက်ရှိသည့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချရန်အတွက် ဘွိုင်လာနှင့် မီးစက်တို့တွင် မီးခိုးခေါင်းတိုင် တပ်ဆင်အသုံးပြုရန်၊

(၁၂) စွန့်ပစ်အမှိုက်များကို လဟာပြင် မီးရှို့ခြင်းကို တားမြစ်ဆောင်ရွက်ရန်၊

(၁၃) စီမံကိန်းဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အမှုန်အမွှား ထွက်ရှိသော နေရာများအား ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၄) စီမံကိန်းဖျက်သိမ်းခြင်းမှ ထွက်ရှိသော ပစ္စည်းများအား စနစ်တကျ စုပုံသိမ်းဆည်းခြင်းနှင့် စွန့်ပစ်ပစ္စည်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့်ချိတ်ဆက်၍ စွန့်ပစ်ခြင်းတို့အား ဆောင်ရွက်ရန်၊

(၁၅) လုပ်ငန်းဖျက်သိမ်းရာတွင် အလုပ်သမားများ အန္တရာယ်ကင်းရှင်းစေရန် တစ်ကိုယ်ရေ ကာကွယ်ရေး ကိရိယာပစ္စည်း (PPE) များ ဝတ်ဆင်စေ၍ ဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** စွန့်ပစ်ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေများအား အများပြည်သူသုံး မြောင်းသို့ စွန့်ပစ်ခြင်းမပြုမီ အကြို သန့်စင်သည့်နည်း (အနည်ထိုင်ခြင်း၊ အရည်မှ အပျစ်အခဲဖြစ်စေခြင်း၊ အရည်စစ်ခြင်း) ဖြင့် သန့်စင်၍ စွန့်ပစ်ရန်၊

(၂) စီမံကိန်းရေမြောင်းများအား ရေးစီးရေလာ ကောင်းမွန်အောင် ပုံမှန်ပြုပြင် ထိန်းသိမ်းရန်နှင့် မြောင်းတူးဖော်ပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) ဆီနှင့်ဓာတုပစ္စည်းများ အသုံးပြုရာတွင် စွန့်ပစ်ရေမြောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များနှင့် ကိုက်ညီစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရန်၊

(၄) မိလ္လာစနစ်နှင့် ရေမြောင်းများကို ပုံမှန်သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၅) စွန့်ပစ်ရေသန့်စင်စနစ်အား လိုအပ်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန်အတွက် စွန့်ပစ်ရေ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်၍ NEQEG သတ်မှတ်ချက်များအတွင်း ဝင်ရောက်စေရေး ဆောင်ရွက်ရန်၊

(၆) ရေဆိုးသန့်စင်သည့်စနစ်အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၇) ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော မိလ္လာစွန့်ပစ်သည့်စနစ်များ ထားရှိရန်၊

(၈) စွန့်ပစ်ရေများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ (အရည်အသွေး) ထုတ်လွှတ်မှု လမ်းညွှန်ချက်များအတိုင်း စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၉) မြေအောက်ရေအားထုတ်ယူ၍ ရေသိုလှောင်ကန်တွင် သိုလှောင်ပြီး စနစ်တကျသုံးစွဲရန်နှင့် စက်ရုံဝန်ထမ်းများအား ရေကိုချွေတာသုံးစွဲခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၁၀) ဆီနှင့် ဓာတုပစ္စည်းများ မတော်တဆ ယိုဖိတ်ခြင်းများ ဖြစ်ပေါ်ပါက ချက်ချင်းသန့်စင်၍ စနစ်တကျ စွန့်ပစ်ရန်။

(င) **ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံများသော နေရာများတွင် လုပ်ကိုင်ရသော ဝန်ထမ်းများအတွက် လုံလောက်သော နားကြပ်နှင့် နားအဆို့အကာများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ဘေးပတ်ဝန်းကျင်သို့ ဆူညံသံနှင့်တုန်ခါမှုများ သက်ရောက်မှု မရှိစေရေး ဆူညံသံ ထွက်ရှိရာ နေရာများကို လုံခြုံစွာကာရံခြင်းများ ပြုလုပ်ထားရန်၊

(၃) ဆူညံသံများသော နေရာများတွင် လုပ်ကိုင်သော ဝန်ထမ်းများကို အလှည့်ကျ လုပ်ကိုင်စေခြင်းများ ဆောင်ရွက်ရန်၊

(၄) ဆူညံသံထွက်ရှိမှုနည်းသည့် စက်ပစ္စည်းကိရိယာများ အသုံးပြုဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူလူထု၏ ကန့်ကွက်မှု၊ တိုင်တန်းမှုများအား အလေးထား ဖြေရှင်းခြင်းနှင့် ဖြေရှင်းပြီးစီးမှုအခြေအနေအား ပြန်လည်အကြောင်းကြားခြင်းများ ပြုလုပ်ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအနေဖြင့် ဓာတုဗေဒပစ္စည်း(ကော်ရည်)များ ထည့်သည့်ပုံး၊ ဘူး (Container) နှင့် အခြားဘေးအန္တရာယ်ရှိ စွန့်ပစ် အမှိုက်များဖြစ်သည့် မီးချောင်း၊ Battery အိုး၊ ဝန်ထမ်းများသုံးစွဲပြီးသည့် ကူးစက်နိုင်သည့် ပစ္စည်း (နှာခေါင်းစည်း၊ အမျိုးသမီး လစဉ်သုံးပစ္စည်း၊ အင်ဂျင်ဝိုင်အဟောင်း) များအား ရေမြောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်နိုင်စေရေး ကြီးကြပ် ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား အန္တရာယ်ကင်းရှင်းရေး သတင်း အချက်အလက် (Material Safety Data Sheet - MSDS) များနှင့်အညီ သီးခြားစီစုဆောင်း၍ Supplier နှင့် ဆက်သွယ်စွန့်ပစ်ခြင်းအား ဆောင်ရွက်ရန်၊

(၃) ပြန်လည်ရောင်းချနိုင်သည့် ပစ္စည်း (Battery အိုး၊ ပုံးခွံ) စသည်တို့အား ဝယ်ယူသူများထံ ပြန်လည်ရောင်းချခြင်းနှင့် ကျန်စွန့်ပစ်ပစ္စည်းများအား YCDC နှင့်ဆက်သွယ် စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ မီးလောင်လွယ်မှု၊ ပေါက်ကွဲနိုင်မှု၊ ကူးစက်နိုင်မှု၊ အဆိပ်သင့်နိုင်မှု၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု စသည့် ဘေးအန္တရာယ်ရှိနိုင်မှု အခြေအနေနှင့် အတန်းအစားတို့အား ဝန်ထမ်းများ သိရှိပြီး ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရေးအတွက် သင့်လျော် ကောင်းမွန်သည့် သင်တန်းများ ပို့ချဆောင်ရွက်ရန်၊

(၅) 3Rs စီမံခန့်ခွဲမှု (စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း) ကို လုပ်ဆောင်ရန်နှင့် ဝန်ထမ်းများအား အသိပညာ ပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) စီမံကိန်းဖျက်သိမ်းခြင်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် လုပ်ငန်းခွင် အတွင်း နေထိုင်သူများမှ စားကြွင်းစားကျန်များ၊ အိမ်သုံးအမှိုက်များ၊ မိလ္လာ အညစ်အကြေးများအား စွန့်ပစ်ခြင်းအတွက် အမှိုက်ပုံးများ ထားရှိပေးခြင်းနှင့် သတ်မှတ်နေရာတွင် စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) စီမံကိန်းဖျက်သိမ်းခြင်းမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ချိတ်ဆက်၍ စွန့်ပစ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းဖျက်သိမ်းခြင်း ဆောင်ရွက်စဉ် လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျတည်ဆောက်၍ လုံလောက်စွာ ထားရှိရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုနှင့် အခြားထူးခြားသည့် အခြေအနေဖြစ်ပွားပါက ချက်ချင်း စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ကော်မတီအစည်းအဝေးကို တစ်လလျှင် တစ်ကြိမ်ကျင်းပ၍ လုပ်ငန်းခွင်စစ်ဆေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေ၊ လုပ်ငန်းခွင်စစ်ဆေးခြင်းနှင့် မတော်တဆ ထိခိုက်မှုစုံစမ်းခြင်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခြေအနေနှင့် ပြုပြင်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ရန်၊

(၃) အစည်းအဝေးဆုံးဖြတ်ချက်များကို စီမံခန့်ခွဲရေးသို့ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိစိတ်ဓာတ်မြှင့်တင်ရေးသင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်စစ်ဆေးခြင်း၊ မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးခြင်းမှတ်တမ်းများနှင့် အစည်းအဝေးကျင်းပသည့်မှတ်တမ်းများ ထားရှိခြင်း စသည်တို့အား ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအတွက် ရေးဆွဲထားသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုစနစ်ကို ဝန်ထမ်းများအား ကောင်းမွန်စွာ သိရှိနားလည်စေရေးဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေတို့နှင့်ကိုက်ညီအောင် လုပ်ငန်းခွင်အား ထိန်းသိမ်းထားခြင်းတို့အား ဆောင်ရွက်ရန်၊

(၈) ဝန်ထမ်းများအား ၎င်းတို့ကိုင်တွယ်နေသော စက်ကိရိယာများနှင့်ပတ်သက်၍ သင်တန်းပို့ချ ဆောင်ရွက်ရန်၊

(၉) သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းနှင့် လုပ်ငန်းစဉ်အလိုက် ဝတ်ဆင်ရန်လိုအပ်သည့် တစ်ကိုယ်ရေ ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများအား ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ရန်၊

(၁၀) လိုအပ်သောစာရွက်စာတမ်းများ၊ စီမံချက်များ၊ သင်တန်းများစသည်တို့ကို ပြင်ဆင်ပေးရန်နှင့် လုပ်ငန်းခွင်အား အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုလျက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အခြေအနေကိုအမြဲ တိုးတက်အောင် ဆောင်ရွက်ရန်၊

(၁၁) အရေးပေါ်သုံးဆေးဝါးများနှင့် ဆေးသေတ္တာများအား လက်လှမ်းမီရာတွင် ထားရှိရန်၊

(၁၂) ကူးစက်ရောဂါများ မပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၃) ဝန်ထမ်းများအတွက် သောက်သုံးရေကို လုံလောက်စွာ ထားရှိပေးရန်၊

(၁၄) ဝန်ထမ်းများအား စည်းကမ်းနှင့်အညီ အုပ်ချုပ်လုပ်ကိုင်စေရေး ဆောင်ရွက်ရန်၊

(၁၅) စီမံကိန်းဖျက်သိမ်းခြင်းဆောင်ရွက်စဉ် လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာ ထားရှိဆောင်ရွက်ရန်။

(ဈ) **စွမ်းအင်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူနှင့် အအေးကို ထိန်းချုပ်ရန် Timer များနှင့် အပူချိန်ထိန်း ကိရိယာများကို တပ်ဆင်ထားရှိရန်၊

(၂) စွမ်းအင်လျှော့ချသည့် မီးလုံးများ၊ မီးချောင်းများနှင့် ကိရိယာများ တပ်ဆင်ရန်၊

(၃) အသုံးမပြုသည့်အခါတွင် စက်ပစ္စည်းများနှင့် မီးများကို ပိတ်ခြင်းနှင့် မိန်းချခြင်းများကို စနစ်တကျ ဆောင်ရွက်ရန်။

(ည) **အရေးပေါ် အခြေအနေ တုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေး၊ မြေငလျင်၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းကဲ့သို့သော အမျိုးမျိုးသော အရေးပေါ်အခြေအနေများကို စီမံခန့်ခွဲရေးအစီအမံများ ပြုလုပ်ဆောင်ရွက်ရန်၊

(၂) မီးငြိမ်းသတ်ရေး ကိရိယာများ၊ မီးသတ်ရေပိုက်စနစ်များ ထားရှိခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၃) အသေးစိတ်အကဲဖြတ်ခြင်း အစီအစဉ်များကို အလုပ်သမားများနှင့် ချိတ်ဆက် အသိပေး ဆောင်ရွက်ရန်၊

(၄) ကယ်ဆယ်ရေးကိရိယာများကို အချိန်အခါအလိုက် စစ်ဆေးထိန်းသိမ်းရန်၊

(၅) မီးဘေးကာကွယ်ရေးကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်ရန်၊

(၆) ငလျင်လှုပ်ခတ်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်ခြင်းကဲ့သို့သော မည်သို့ လုပ်ဆောင်ရမည်ကို အလုပ်သမားများအား သင်ကြားရန်၊

(၇) ဆေးအဖွဲ့မှ Primary Treatment ပြုလုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(၈) အရေးပေါ်အခြေအနေများဖြစ်လျှင် အနီးစပ်ဆုံး မီးသတ်စခန်း၊ နယ်မြေ ရဲစခန်း၊ ဆေးရုံ စသည်တို့ကို ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား အလွယ်တကူ မြင်နိုင်သော နေရာတွင် ထားရှိဆောင်ရွက်ရန်၊

(၉) မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့စသည်ဖြင့် ဘေးအန္တရာယ် ကင်းရှင်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်၊

(၁၀) ဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီမှ ဘေးအန္တရယ်ကင်းရှင်းရေးဆိုင်ရာ ဆွေးနွေးရန် လစဉ်အစည်းအဝေး စီစဉ်ဆောင်ရွက်ရန်။

(ည) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်ထွက်ပေါက်နှင့် စုရပ်နေရာအား စက်ရုံအတွင်းတွင် ညွှန်ပြ ထားရှိရန်၊

(၂) စက်ရုံအတွင်း မီးသတ်ဆေးဘူးများနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထားရှိရန်၊

(၃) မီးငြိမ်းသတ်ရေးပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

(၄) မီးငြိမ်းသတ်ရေသိုလှောင်ကန် ထားရှိဆောင်ရွက်ရန်၊

(၅) မီးလောင်မှုဖြစ်ပွားပါက အလုပ်သမားများအား သတိပေးနိုင်ရန်အတွက် စက်ရုံတွင် အရေးပေါ် မီးသတိပေးချက် (Fire Alarm) တပ်ဆင်ထားရှိရန်၊

(၆) မီးသတ်သရုပ်ပြခြင်းကို (၁) နှစ် တစ်ကြိမ် ဆောင်ရွက်ရန်၊

(၇) အရေးပေါ်ထွက်ပေါက်တွင် စက်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများနှင့် ပိတ်ဆို့မှု မဖြစ်စေရေး ဆောင်ရွက်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ စီမံကိန်းအတွင်း ထုတ်လုပ်မှုလုပ်ငန်းခွင်၊ ဆေးမှုတ်သည့် နေရာ၊ Canteen နေရာ၊ ရုံးခန်းနေရာ၊ အပူပေးပေါင်းခံသည့် နေရာနှင့် ဘွိုင်လာအနီးတို့၌ (CO, $PM_{10}$, $PM_{2.5}$) နှင့် VOC စသည့် Parameter တို့ကိုလည်းကောင်း၊ စီမံကိန်းအတွင်း (16°58'46.05"N, 96°3'54.88"E) နှင့် ဘွိုင်လာအနီး (16°58'42.69"N, 96°3'52.74"E) တို့တွင် (CO, Nitrogen Dioxide, Sulfur Dioxide, Ozone, $PM_{10}$, $PM_{2.5}$) စသည့် Parameter တို့ကိုလည်းကောင်း (၆) လလျှင် (၁) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ဂျင်နရေတာမှ ၅၊ ၁၀၊ ၁၅ မီတာ အကွာတို့၌ ဆူညံသံကို (၆) လ (၁) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း တုန်ခါမှုကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၆) လ လျှင် (၁) ကြိမ် တိုင်းတာ ဆောင်ရွက်ရန်၊

(၄) စီမံကိန်းမှ စွန့်ပစ်ရေအရည်အသွေး (BOD, COD, Oil & Grease, Total Nitrogen, Total Phosphorus, Total Suspended Solids, Chloride, Total Dissolved Solid, pH, Temperature, Salinity, Conductivity) တို့ကို 16°58'49.88"N, 96°3'54.90"E တည်နေရာတွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းခြင်းနှင့် စက်ပစ္စည်းများ ပြုပြင်ပြင်ဆင်ဆောင်ရွက်ခြင်းမှ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု တို့အား လုပ်ငန်းခွင်၊ စီမံကိန်းဧရိယာရှိနေရာများတွင် နေ့စဉ် ပုံမှန်စစ်ဆေးရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ထမ်းများအား PPE ဝတ်ဆင်၍ အလုပ်လုပ်ကိုင်စေရေး နေ့စဉ် ကြပ်မတ်ဆောင်ရွက်ရန်၊ ကျန်းမာရေးစစ်ဆေးခြင်းကို (၁) နှစ်လျှင် (၁) ကြိမ် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် သန့်ရှင်းရေးကို အပတ်စဉ် ဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းကို လစဉ် ဆောင်ရွက်ရန်၊ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းတို့ကို (၆) လလျှင် (၁) ကြိမ် ဆောင်ရွက်ရန်၊

(၇) အရေးပေါ်အခြေအနေတုံ့ပြန်ရေးနှင့်ပတ်သက်၍ မီးသတ်ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများ၊ မီးသတိပေးစနစ်၊ မီးသတ်စနစ်၊ အရေးပေါ် တံခါးပေါက်၊ လှေကားနှင့် အရေးပေါ် စုရပ်များ၏ အခြေအနေအား အပတ်စဉ် စစ်ဆေးရန်၊ လျှပ်စစ်ဝါယာကြိုးများနှင့် မီးလောင်မှု ဖြစ်ပွားနိုင်သည့် စက်ပစ္စည်းများနှင့် နေရာများကို နေ့စဉ်စစ်ဆေးရန်၊ ဝန်ထမ်းများအား အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်ပတ်သက်၍ သင်တန်းများ၊ အသိပညာပေးခြင်းများ (၄) လ (၁) ကြိမ်ဆောင်ရွက်ရန်၊ မတော်တဆဖြစ်ပွားခဲ့သည့် မှတ်တမ်း၊ အရေးပေါ်အခြေအနေများအား မှတ်တမ်းတင်ထားရှိမှုတို့ကို (၄) လလျှင် (၁) ကြိမ်စစ်ဆေးရန်၊

(၈) လူမှုစီးပွားရေးအခြေအနေနှင့်ပတ်သက်၍ ဒေသခံများ၏ တိုင်ကြား/ ဝေဖန်ချက်များကို လစဉ်ဆောင်ရွက်ရန်နှင့် စီမံကိန်း အတွင်း/ အပြင် သန့်ရှင်းရေးများကို လစဉ် ဆောင်ရွက်ရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ (၅,၀၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် နှစ်စဉ်ရန်ပုံငွေ (၈,၀၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၃) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂)% မရရှိခင် နှစ်စဉ် ကျပ်သိန်း (၅၀) အား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် သုံးစွဲရန်။

(တ) **လုပ်ငန်းပိတ်သိမ်းခြင်းအဆင့် သက်ရောက်မှု လျှော့ချမည့်အစီအစဉ်။** စီမံကိန်း ပိတ်သိမ်းခြင်းကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးအတွက် စက်ရုံ ပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်း

အစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လုပ်မှု) လမ်းညွှန်ချက်များ၏ အထွေအထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်ပြီးမှ စွန့်ပစ်ရန်၊

(၄) အသုံးပြု ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ဘွိုင်လာအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဘွိုင်လာအသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထင်းလောင်စာသုံး ဘွိုင်လာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ထင်းသုံးစွဲမှု လျော့နည်းစေရေး ထင်းအစား အခြားဇီဝလောင်စာတောင့် (Biomass Pallet) များ သုံးစွဲဆောင်ရွက်ရန်၊

(၂) ဘွိုင်လာမီးခိုးခေါင်းတိုင်တွင် Gas Analyzer တပ်ဆင်၍ Stack Emission ထွက်ရှိမှုကို စောင့်ကြပ်စစ်ဆေးရန်၊

(၃) ဘွိုင်လာမီးခိုးခေါင်းတိုင်မှ ပြာမှုန်များ ပျံ့လွင့်မှုမရှိစေရေး၊ အခိုးအငွေ့ ထုတ်လွှတ်မှုနှင့် အမှုန်အမွှားထွက်ရှိမှု လျော့နည်းစေရေးအတွက် အခိုးအငွေ့နှင့် အမှုန်အမွှားများ ထွက်ရှိသည့် နေရာများတွင် Bag Filter သို့မဟုတ် Wet Scrubber တပ်ဆင်ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များ ကောင်းမွန်လုံလောက်မှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်ရန်၊

(၄) ဘွိုင်လာမှ ထွက်ရှိလာသည့် ပြာများကို ပြန်လည်အသုံးပြုနိုင်သည့် နေရာများတွင် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၅) ဘွိုင်လာမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို ရေအပူချိန်တိုင်းတာခြင်း၊ အအေးခံခြင်းနှင့် သန့်စင်ခြင်း ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်။

(င) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) စီမံကိန်းကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှု ကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ အကောင်

အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်

လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုများ၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန် သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့်လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များ။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဇ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ် / မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကြောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ် များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့ အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုး နိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက် မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ည) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊

လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုး သက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်း သတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ် ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှရရှိသော ရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ တွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ် လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှု နိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင် ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်း နှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြား ရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြား မည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်

လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ်သက်တမ်း မကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြ ရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

..............................................................................................................